လူငယ်များ အတွက် အချိတ်အဆက် အဖွဲ့သည် စိတ်ခံစားချက်နှင့်သက်ဆိုင်၍ သော်လည်းကောင်း၊ အပေါင်းအသင်း ဆွေမျိုးတို့နှင့်သက်ဆိုင်၍ သော်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု ရရှိရန် အခက်အခဲ တွေ့ကြုံနေကြရသော အသက် ၁၃နှစ် မှ ၂၄နှစ် အရွယ် လူငယ်များအား ကူညီလျက် ရှိပါသည်။ ကျွန်ုပ်တို့၏ ဤအဖွဲ့သည် လျှို့ဝှက်ကိစ္စများပင် ယုံကြည်စိတ်ချရ၍ ၊ အခမဲ့အကြံ ဉာဏ် ပေးသည့် ဝန်ဆောင်မှုအဖွဲ့ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်သူများသည် ခင်မင်တတ်လျက် ၊ တစ်ဖက်စီးနင်းပစ်ပစ်ခါခါလည်းမလုပ် ၊ အခြားသူများ၏ စိတ်အလိုကို နားလည်ကြသည့် အတွေ့အကြုံရင့်ကျက် ကျွမ်းကျင်သူများဖြစ်ပါသည်။ ရှင်းလင်းစွာ ပြောဆိုဆက်သွယ်နိုင်ရေးအတွက် စကား ပြန်ကိုလည်း အခမဲ့ စီစဉ်ပေးနိုင်သည်။ လိုအပ်ပါက သင့်ထံ ကျွန်ုပ်တို့လာရောက်တွေ့ဆုံနိုင်ပါသည်။

ကျွန်ုပ်တို့သည် ကွဲပြားခြားနားသော ယဉ်ကျေးမှု ၊ လိင် ၊ အဖိုအမ ကာမ သဘာဝ ၊ နှင့် တကွ မသန်မစွမ်းဖြစ်ခြင်းတို့ကို သတိမူ လေးစားပါသည်။ ကျွန်ုပ်တို့အနေနှင့် အကူအညီ ပေးနိုင်သည့် စိတ်ခံစားချက်နှင့်သော်လည်းကောင်း ၊ အပေါင်းအသင်း ဆွေမျိုး နှင့်သော်လည်းကောင်း သက်ဆိုင်သော ကျန်းမာရေး ပြဿနာ အချို့ကို နမူနာအဖြစ် တင်ပြရသော် - ဒဏ်ရာတစ်ခုခု ကြောင့် စိတ်တွင်ပေါ်လာသော ပူဆွေးသောကဒဏ် ၊ သောက ပရိဒေဝ ၊ ကွယ်လွန် ဆုံးရှုံးမှု ၊ မိမိကိုယ်ကို ထိခိုက်နာကျင်အောင် ပြုလုပ်ရန် စဉ်းစား ကြံစည်မှု ၊ အကျပ်အတည်း ခံစားနေရမှု ၊ သေရည် အရက် သောက်စားမှု ၊ မူးယစ်ဆေးဝါး မှီဝဲသုံးစွဲမှု ၊ ဒေါသ နှင့် ကျူးကျော်ရန်ထောင်မှု ၊ မိမိကိုယ်ကို ယုံကြည် အားကိုးမှု ၊ ကြိုတင် မခန့်မှန်းနိုင်သော အိမ်ထောင်ရေးကိစ္စ စသည်တို့ ဖြစ်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့အနေနှင့် သင့်အား အခြား ကူညီတတ်သည့် ဝန်ဆောင်မှုများနှင့် ဆက်သွယ်ပေးနိုင်သည်။ သင့်မိသားစုနှင့်သော်လည်းကောင်း အခြားလူများနှင့်သော်လည်းကောင်း ညှိရန် သို့မဟုတ် ဆက်သွယ်ရန်နည်းလမ်း ကူညီ ရှာဖွေ ပေးနိုင်သည်။ သင့်ကိုယ်စားလည်း ဝင်ရောက်ပြောဆိုပေးနိုင်သည်။

ကျွန်ုပ်တို့၏ ရုံးသည် အနောက်သစတြေးလျားပြည်နယ် ၊ နော့(တ်)ဘရစ်(ဂျ)အရပ် ၊ အမှတ် ၂၂၃ ဂျိမ်း(စ်) စထရစ် လမ်းတွင်တည်ရှိ ပြီး ၊ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၈ နာရီခွဲ မှ ညနေ ၄ နာရီခွဲ အတွင်းရုံးဖွင့်ထားပါသည်။

သင်သည် ကျွန်ုပ်တို့နှင့် ဆွေးနွေးတိုင်ပင်လိုလျှင် အဖွဲ့အတွင်းသို့လက်ခံယူရန်ဝင်ခွင့်ပေးသည့် အရာရှိ အားဖုန်းနံပါတ် ၁၃၀၀ ၃၆၂ ၅၆၉ သို့ ဆက်ခေါ်၍ ပြောဆိုပါ။
သင်ယုံကြည်စိတ်ချသည့် လူကြီးတစ်ဦးအား သင့်ကိုယ်စား ကျွန်ုပ်တို့ထံ ဆက်ခိုင်းနိုင်ပါသည်။ သင်ပြောသည့် ဘာသာစကားကို တယ်လီဖုန်းဖြင့် ဘာသာပြန်ပေးမည့် စကား ပြန်တစ်ဦး စီစဉ်ပေးစေလိုလျှင် ကျွန်ုပ်တို့ကို ကြိုတင် အသိပေးပါ။

သင်၏ ရုးရာယဉ်ကျေးမှု သို့မဟုတ် ဘာသာစကား အတွက်ကြောင့် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုကို ဆက်သွယ်ပြောဆိုရန ဝန်လေးနေလျှင် ဖုန်းနံပါတ် ၉၂၂၇ ၄၃၀၀ သို့ဆက်ပြီး ဒါနီရဲလား နှင့် စကား ပြောလိုပါကြောင်း တောင်းဆိုပါ။